MONREC

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၈၇ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးသိန်းဝင်း (Managing Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Myanmar May Kaung Wood Based Industry Co.,Ltd.. ပန်းခြံလမ်းနှင့် ၆၂ လမ်းကြား၊ အကွက်အမှတ် D1 A (က)၊ စက်မှုဇုန် (၁)၊ (င) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ ဖုန်း-၀၉ ၄၃၁၀၄၄၉၄၊ ၀၁-၂၅၀၇၉၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ (၅.၇၀၉၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ပန်းခြံလမ်းနှင့် ၆၂ လမ်းကြား၊ အကွက်အမှတ် D1 A (က)၊ စက်မှုဇုန် (၁)၊ (င) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂-၁-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁-၁-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၅-၁၂-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)**” |



၃၁.၁.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## Myanmar May Kaung Wood Based Industry Co.,Ltd. မှ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ အဆိုပြုစီမံကိန်းသည် Myanmar May Kaung Wood Based Industry Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် (၁)၊ (င) ရပ်ကွက်၊ အကွက်အမှတ် D1 A (က)၊ ပန်းခြံလမ်းနှင့် ၆၂ လမ်းကြား၊ မြေ (၅.၇၀၉၅) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် သစ်အချောထည်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၅-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ ၂/ ၆/ ၇ အီးအိုင်အေ (၈၅၁/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းဝင်း ၊ Managing Director၊ Myanmar May Kaung Wood Based Industry Co.,Ltd.၊ ပန်းခြံလမ်းနှင့် ၆၂ လမ်းကြား၊ အကွက်အမှတ် D1 A (က)၊ စက်မှုဇုန် (၁)၊ (င) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၃၁၀၄၄၉၄၊ ၀၁-၂၅၀၇၉၂ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပါစီမံကိန်း၏ အထပ်သားထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် အဓိကကုန်ကြမ်းဖြစ်သည့် သစ်ပါးလွှာများကို ရေးမြို့နှင့် သံဖြူဇရပ်မြို့ရှိ စက်ရုံများမှ ဝယ်ယူပြီး သစ်ပါးလွှာများအား ကော်ကပ်ခြင်း၊ Setting ပြုလုပ်ခြင်း၊ ပထမအကြိမ် ဖိစက်ဖြင့်ဖိခြင်း၊ အနားသားများ တိဖြတ်ပြီး အပေါက်ဖာ ပတ်တီးပိတ်ခြင်း၊ Face-back အလွှာပါးကပ်ခြင်း၊ ဒုတိယအကြိမ် ဖိစက်ဖြင့်ဖိခြင်း၊ ကော်ပတ်အချောစားခြင်းနှင့် ဘေးထိပ်ဖြတ်ခြင်း၊ အရည်အသွေးစိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Finger Joint ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် အဓိကကုန်ကြမ်းဖြစ်သည့် ရာဘာသစ်ခွဲသားများကို သံဖြူဇရပ်မြို့မှ ဝယ်ယူပြီး ရာဘာသစ်ခွဲသားများအား လိုချင်သော အရွယ်အစားရအောင် စိစစ်ရွေးချယ် ဖြတ်တောက်ခြင်း၊ အပေါ်အောက်ကော်ပတ်စားခြင်၊ စွယ်ဖော်မည့် မျက်နှာပြင် ထောင့်ညှိခြင်း၊ စွယ်ဖော်စက် (Joint Machine) ဖြင့် အစွယ်ဖော်ခြင်းနှင့် အချောင်းဆက်ခြင်း၊ လေးဖက်ချောခြင်း၊ ၈'×၄' အရွယ်အစားရအောင် ကော်သုတ်ပြီး၊ အချောင်းပူးဆက်ခြင်း၊ Air Dry ဖြင့် အခြောက်ခံခြင်း၊ ကော်ပတ်ကြမ်းစားခြင်း၊ ကော်ပတ်အချောစားခြင်း၊ ဘေးထိတ်ဖြတ်ခြင်းနှင့် အရည်အသွေးစိစစ်ခြင်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အနေဖြင့် အဓိက

ကုန်ကြမ်းများအနေဖြင့် ပိတောက်၊ တမလန်း၊ သင်းဝင်နှင့် ကျွန်းသစ်လုံးကုန်ကြမ်းများအား မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ လေလံဆွဲ၍ ဝယ်ယူပြီး Auto Bansaw ဖြင့် လိုချင်သော အရွယ်အစား သစ်ခွဲသား ရရှိအောင် သစ်ဖြတ်တောက်ခြင်း၊ မိုလ်ဒီဇိုင်း ရေးဆွဲခြင်း၊ CNC စက်ဖြင့် လိုချင်သော ဒီဇိုင်းကို ပုံဖော်ခြင်း၊ ပုံဖော်ပြီး ဒီဇိုင်းအား လက်သမားဆရာမှ အချောသပ်တပ်ဆင်ခြင်း၊ လက်ပန်းပုပြုလုပ်ခြင်း၊ ဓားခြစ်ခြင်း၊ ဆေးသုတ်ခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း၊ လောင်စာ တောင့် ထုပ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အနေဖြင့် အထပ်သားထုတ်လုပ်ခြင်း၊ Finger Jointနှင့် ပရိဘောဂထုတ်လုပ်ခြင်း လုပ်ငန်းများမှထွက်ရှိသည့် သစ်တိုသစ်စများ၊ လွှစာမှုန့်အကြမ်းနှင့် အမှုန်ဖမ်းစက် (Bag Fitter) များအား ရေဖြင့်ရောစပ်၍ လွှစာတောင့်များပြုလုပ်၍ အိတ်သွတ်သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထပ်သားထုတ်လုပ်ခြင်းနှင့် Finger Joint ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် ကော်ကပ်ခြင်းလုပ်ငန်းစဉ်ပါဝင်သောကြောင့် လိုအပ်သောကော်များကို စက်ရုံတွင် အသေးစား ကော်ထုတ်လုပ်သည့် စက်တပ်ဆင်ကာ အသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ချောထွက်ရှိမှုအနေဖြင့် တစ်နှစ်လျှင် အထပ်သား (၉၆၀၀၀) ချပ်၊ Finger Joint (၂၆၄၀၀) ချပ်၊ ပရိဘောဂ (၁၀) စုံနှင့် လောင်စာတောင့် (Wood Pellet) တစ်ရက်လျှင် (၁၂၀) တန်စသည်တို့ကို ထုတ်လုပ်မည် ဖြစ်ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့များသို့ ဖြန့်ဖြူး ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသည့်ကုန်ကြမ်းအနေဖြင့် သစ်ပါးလွှာ၊ သစ်ခွဲသား၊ တို့ကို သံဖြူဇရပ်မြို့ နှင့် ရေးမြို့တို့မှ ဝယ်ယူပြီး ပိတောက်၊ တမလန်း၊ သင်းဝင်နှင့် ကျွန်းသစ်လုံး ကုန်ကြမ်းများအား မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ လေလံဆွဲ၍ ဝယ်ယူမည်ဖြစ်ကြောင်း၊ ရေအသုံးပြုမှု အနေဖြင့် စီမံကိန်းလုပ်ငန်းလည်ပတ်ရာတွင် ရေအသုံးပြုခြင်းမရှိဘဲ ဝန်ထမ်းများနှင့် လုပ်သားများ အထွေထွေ အသုံးပြုရန်အတွက် စက်ရုံဝန်းအတွင်းရှိ အဝီစိရေတွင်း (၂) တွင်းမှ ရေအား ထုတ်ယူ၍ ရေလှောင်ကန်ဖြင့် သိုလှောင်သုံးစွဲလျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်း လည်ပတ်ရန်အတွက် မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် ၄၂,၁၉၆ ယူနစ်ခန့် အသုံးပြုပြီး လျှပ်စစ်ပျက်တောက်ချိန်တွင် အသုံးပြုရန် အရန်မီးစက် (၃) လုံး (90 kVA, 375 kVA, 550 kVA) အား အသင့်ထားရှိပါကြောင်း၊ တစ်နှစ်လျှင် ဒီဇယ်လောင်စာ (၂၆,၂၈၇.၄၁) လီတာခန့် အသုံးပြုမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် အမျိုးသား (၆၂) ဦး၊ အမျိုးသမီး (၄၁) ဦး၊ စုစုပေါင်း (၁၅၃) ဦးဖြင့် လုပ်ငန်းလည်ပတ်လျက် ရှိပါကြောင်းဖော်ပြထားပါသည်။ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာတို့အား တစ်ဖက်ပါအတိုင်း ဖော်ပြထားပါသည်-

## အထပ်သားထုတ်လုပ်မှုလုပ်ငန်းအတွက် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ

| စဉ် | စက်အမျိုးအစား | မော်ဒယ်အမှတ် | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|---|
| ၁။ | ကော်သုတ်စက် | - | 4 KW, 3 KW | ၂ |
| ၂။ | အအေးဖိစက် (Cold Press) | LIEN CHIEH | 11 KW | ၁ |
| ၃။ | အထပ်သား (ဘေး/ထိပ်) ဖြတ်စက် | - | 7.5 kw ,7.5 kw , 7.5 kw,7.5 kw, 3.0kw, 3.0kw | |
| ၄။ | ကော်ပတ်စားစက် (အချော) | - | 37 kw,22 kw, 4kw,3kw,3 kw, 1.5 kw,1.5kw,1.5kw,1kw | |
| ၅။ | ကော်ပတ်စားစက်(အကြမ်း) (WIDE BELT SANDER) | - | 75 kw , 5.5 kw, 3 kw,4 kw,1.1 kw,1.1 kw,1.5kw,1.5kw | |
| ၆။ | အပူပေးဖိစက်(Hot Press) | - | 30kw, 75 kw ,1.5 kw | ၂ |
| ၇။ | အအေးဖိစက် (Cold Press) | LIEN CHIEH | 11 KW | ၂ |
| ၈။ | အအေးဖိစက် (Cold Press) | LIEN CHIEH | 5.5 KW | ၁ |
| ၉။ | အအေးဖိစက် (Cold Press) | LIEN CHIEH | 5.5 KW | ၁ |
| ၁၀။ | ကော်ကျိုစက် | - | 11 kw | ၁ |
| ၁၁။ | အပူပေးဖိစက် (Hot Press) | - | 5.5 Kw, 2.2 Kw | ၂ |
| ၁၂။ | Boiler | - | 4 Ton/30 KW | ၁ |
| ၁၃။ | Forklift Truck | - | 4 Ton/30 KW | ၁ |

## Finger Joint ထုတ်လုပ်မှုလုပ်ငန်းအတွက် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ

| စဉ် | စက်အမျိုးအစား | မော်ဒယ်အမှတ် | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|---|
| ၁။ | Automic Saw Cutting Machine | MH-100 | 9 KW,0.75KW | ၂ |
| ၂။ | One Side Double Nife Blocks Planer | - | 2.5KW,7.5KW, 370KW | ၁ |
| ၃။ | Automic Planer | ZC-PM-508 | 5.5 KW | ၆ |
| ၄။ | Automic Planer | ZC-MB-635 | 7.5 KW | ၁ |
| ၅။ | Thinckness One Side Planer | - | 15000W, 5.5KW | ၁ |
| ၆။ | Cutting | - | 1.1 KW (2), 1.5 KW (1) | ၃ |
| ၇။ | Shaper | MX 351 | 7.5KW, 3KW, 0.75KW | ၃ |
| ၈။ | Joint Machine | MH 1525B | 1.5KW, 4KW | ၃ |
| ၉။ | Fourth Side Moulder | QMB4012DT | 3KW, 0.75KW, 4KW | ၁ |
| ၁၀။ | Clamp Carrier | MH1325 | 4 KW | ၁ |
| ၁၁။ | One Side Planer | - | 7.5 KW | ၁ |
| ၁၂။ | Nife Blood Machine | MF2718 | 370 KW | ၁ |
| ၁၃။ | Tilted Sanding Machine (ထိပ်ကော်ပတ်စားစက်) | XM-30-2 | 3KW, 2.2KW, 9KW | ၁ |
| ၁၄။ | လောင်စာတောင့် ထုတ်လုပ်သည့်စက်ကြီး | - | 110KW, 2.2KW, 1.1KW | ၁ |
| ၁၅။ | လောင်စာတောင့်ထုတ်လုပ်သည့်စက်အသေး | - | 55KW, 2.2KW | ၁ |
| ၁၆။ | လွှစာမှုန့်စုပ်ဖန် | - | 30 KW | ၁ |
| ၁၇။ | ၈ လက်မ ကော်သုတ်စက် | - | 5.5KW, 1.5KW | ၁ |
| ၁၈။ | ကော်ဖျော်စက်အကြီး | - | 1.5KW, 15KW | ၁ |


ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းအတွက် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ

| စဉ် | စက်အမျိုးအစား | မော်ဒယ်အမှတ် | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|---|
| ၁။ | 36" Band Saw | MJ-376 A | 24.5 Kw | ၁ |
| ၂။ | 48" Band Saw | MJ-3110 | | ၁ |
| ၃။ | ဂျစ်ပြန်စက် | MB-106H | 7.5 Kw | ၂ |
| ၄။ | ရေဘော်စက် | MB-504 | 3Kw | ၂ |
| ၅။ | ဝိုင်းခုံ (ပြန်စိတ်) | MJ- 143 | 3/3/ 5.5 Kw | ၂ |
| ၆။ | မိုစက် | MX- 5117 | 4 Kw | ၄ |
| ၇။ | ပန်းထိုးစက် | MX- 5057 | 3 Kw | ၂ |
| ၈။ | လက်ဆွဲဖြတ်စက် | BB-800 | 4.5 Hp | ၂ |
| ၉။ | လုံးစက် | MX- 5106 | 4 Kw | ၃ |
| ၁၀။ | ပန်းလှီးစက် | MJ- 4406 | - | ၂ |
| ၁၁။ | လွှဝိုင်း ၅ ချပ်ပါ ဖြတ်စက် | MX- 2108 B | 7.5 Kw | ၂ |
| ၁၂။ | ကော်ပတ်စက်ကြီး | MM- 2215 | 3.75 Kw | ၂ |
| ၁၃။ | ကော်ပတ်စက်သေး | MM- 2420 A | 2.2 Kw | ၂ |
| ၁၄။ | ထိပ်ဖြတ်စက် | SS -320 MH | 7.5 HP | |
| ၁၅။ | ပတ်လွှသေး | MJ- 345 B | 2.2 KW | ၂ |
| ၁၆။ | ဖောက်စက် | MS- 362 | 1.5 KW | ၂ |


၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် (၁)၊ (င) ရပ်ကွက်၊ အကွက်အမှတ် D1 A (က)၊ ပန်းခြံလမ်းနှင့် ၆၂ လမ်းကြား၊ မြေကေ(၅.၇၀၉၅) ဧကပေါ်တွင် တည်ရှိပါသည်။

## Myanmar May Kaung Wood Based Industry Co.,Ltd. မှ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ







# Myanmar May Kaung Wood Based Industry Co.,Ltd. မှ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Layout Plan



## Myanmar May Kaung Wood Based Industry Co.,Ltd. မှ အထပ်သားထုတ်လုပ်မှုလုပ်ငန်း၏

## Process Flow Chart



**Myanmar May Kaung Wood Based Industry Co.,Ltd. မှ Finger Joint ထုတ်လုပ်မှုလုပ်ငန်း၏**

**Process Flow Chart**

| | |
|---|---|
| အဆင့် (၁) | • ကုန်ကြမ်းများကို စိစစ်ရွေးချယ်ခြင်း |
| အဆင့် (၂) | အပေါ်အောက် ကော်ပတ်စားခြင်း |
| အဆင့် (၃) | စွယ်ဖော်မည့် မျက်နှာပြင်ထောင့်ညှိခြင်း |
| အဆင့် (၄) | • စွယ်ဖော်စက် (Joint Machine) ဖြင့် အစွယ်ဖော်ခြင်းနှင့် အချောင်းဆက်ခြင်း၊ |
| အဆင့် (၅) | • လေးဖက်ချောခြင်း |
| အဆင့်(၆) | • ၈' x ၄' အရွယ်အစားရအောင် ကော်သုတ်ပြီး အချောင်းပူးဆက်ခြင်း၊ |
| အဆင့် (၇) | • Air Dry ဖြင့် အခြောက်ခံခြင်း။ |
| အဆင့် (၈) | • ကော်ပတ်ကြမ်းစားခြင်း၊ ကော်ပတ်အချောစားခြင်းနှင့် ဘေးထိပ်ဖြတ်ခြင်း |
| အဆင့် (၉) | • အရည်အသွေးစိစစ်ရွေးချယ်ခြင်း |

**Myanmar May Kaung Wood Based Industry Co.,Ltd. မှ ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း၏**

**Process Flow Chart**

| | |
|---|---|
| အဆင့် (၁) | • Auto Bansaw ဖြင့်လိုချင်သောအရွယ်အစား သစ်ခွဲသားရရှိအောင် သစ်ဖြတ်တောက်ခြင်း။ |
| အဆင့် (၂) | မိုလ်ဒီဇိုင်း ရေးဆွဲခြင်း။ |
| အဆင့် (၃) | CNCစက်ဖြင့် လိုချင်သောဒီဇိုင်းကို ပုံဖော်ခြင်း။ |
| အဆင့် (၄) | • ပုံဖော်ပြီး ဒီဇိုင်းအား လက်သမားဆရာမှ အချောသပ် တပ်ဆင်ခြင်း။ |
| အဆင့် (၅) | • လက်ပန်းပုပြုလုပ်ခြင်း။ |
| အဆင့်(၆) | • ခါးခြစ်ခြင်းနှင့် ဆေးသုတ်ခြင်း |

## Myanmar May Kaung Wood Based Industry Co.,Ltd. မှ လွှစာတောင့်ထုတ်လုပ်မှုလုပ်ငန်း၏

## Process Flow Chart

**အဆင့် (၁)**

- ဘေးထိပ်ဖြတ်နှင့်ကော်ပတ်စားဌာနများမှ ထွက်ရှိသည့်လွှစာမှုန့်အကြမ်းများအား အိတ်ဖြင့်စုဆောင်းခြင်းနှင့်အမှုန့်ဖမ်းစက်မှ ထွက်ရှိသည့် အမှုန့်များအားစုဆောင်းခြင်း၊

**အဆင့် (၂)**

လွှစာမှုန့်အကြမ်းနှင့် အချောအား ရေဖြင့် ရောစပ်ခြင်း၊

**အဆင့် (၃)**

လွှစာတောင့်စက်တွင် ထည့်၍ လွှစာတောင့် ထုတ်ယူခြင်း

**အဆင့် (၄)**

- အိတ်သွတ်ခြင်းနှင့် သိုလှောင်ခြင်း

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် Myanmar May Kaung Wood Based Industry Co.,Ltd. မှ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၅-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ ၂/ ၆/ ၇ အီးအိုင်အေ (၈၅၁/ ၂၀၂၄)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါအလေးထားလိုက်နာရမည့်ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပါစီမံကိန်း၏ အထပ်သားထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် အဓိကကုန်ကြမ်းဖြစ်သည့် သစ်ပါးလွှာများကို ရေးမြို့နှင့် သံဖြူဇရပ် မြို့ရှိ စက်ရုံများမှ ဝယ်ယူပြီး သစ်ပါးလွှာများအား ကော်ကပ်ခြင်း၊ Setting ပြုလုပ်ခြင်း၊ ပထမအကြိမ် ဖိစက်ဖြင့်ဖိခြင်း၊ အနားသားများ တိဖြတ်ပြီး အပေါက်ဖာ ပတ်တီးပိတ်ခြင်း၊ Face-back အလွှာပါးကပ်ခြင်း၊ ဒုတိယအကြိမ် ဖိစက်ဖြင့်ဖိခြင်း၊ ကော်ပတ်အချောစားခြင်းနှင့် ဘေးထိပ်ဖြတ်ခြင်း၊ အရည်အသွေးစိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Finger Joint ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် အဓိကကုန်ကြမ်းဖြစ်သည့် ရာဘာသစ်ခွဲသားများကို သံဖြူဇရပ်မြို့မှ ဝယ်ယူပြီး ရာဘာသစ်ခွဲသားများအား လိုချင်သော အရွယ်အစားရအောင် စိစစ်ရွေးချယ်ဖြတ်တောက်ခြင်း၊ အပေါ်အောက်ကော်ပတ်စားခြင်း၊ စွယ်ဖော်မည့် မျက်နှာပြင်ထောင့်ညှိခြင်း၊ စွယ်ဖော်စက် (Joint Machine) ဖြင့် အစွယ်ဖော်ခြင်းနှင့် အချောင်းဆက်ခြင်း၊ လေးဖက်ချောခြင်း၊ ၈'×၄' အရွယ်အစားရအောင် ကော်သုတ်ပြီး၊ အချောင်းပူးဆက်ခြင်း၊ Air Dry ဖြင့် အခြောက်ခံခြင်း၊ ကော်ပတ်ကြမ်း စားခြင်း၊ ကော်ပတ်အချောစားခြင်း၊ ဘေးထိတ်ဖြတ်ခြင်းနှင့် အရည်အသွေးစိစစ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အနေဖြင့် အဓိက

ကုန်ကြမ်းများအနေဖြင့် ပိတောက်၊ တမလန်း၊ သင်းဝင်နှင့် ကျွန်းသစ်လုံး ကုန်ကြမ်းများအား မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ လေလံဆွဲ၍ ဝယ်ယူပြီး Auto Bansaw ဖြင့် လိုချင်သော အရွယ်အစား သစ်ခွဲသား ရရှိအောင် သစ်ဖြတ်တောက်ခြင်း၊ မိုလ်ဒီဇိုင်း ရေးဆွဲခြင်း၊ CNC စက်ဖြင့် လိုချင်သော ဒီဇိုင်းကို ပုံဖော်ခြင်း၊ ပုံဖော်ပြီး ဒီဇိုင်းအား လက်သမားဆရာမှ အချောသပ် တပ်ဆင်ခြင်း၊ လက်ပန်းပုပြုလုပ်ခြင်း၊ ဓားခြစ်ခြင်း၊ ဆေးသုတ်ခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း၊ လောင်စာတောင့် ထုပ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အနေဖြင့် အထပ်သား ထုတ်လုပ်ခြင်း၊ Finger Jointနှင့် ပရိဘောဂထုတ်လုပ်ခြင်း လုပ်ငန်းများမှ ထွက်ရှိသည့် သစ်တိုသစ်စများ၊ လွှစာမှုန့်အကြမ်း နှင့် အမှုန်ဖမ်းစက် (Bag Fitter) များအား ရေဖြင့်ရောစပ်၍ လွှစာတောင့်များပြုလုပ်၍ အိတ်သွတ် သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထပ်သားထုတ်လုပ်ခြင်း နှင့် Finger Joint ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် ကော်ကပ်ခြင်းလုပ်ငန်းစဉ်ပါဝင်သောကြောင့် လိုအပ်သောကော်များကို စက်ရုံတွင် အသေးစား ကော်ထုတ်လုပ်သည့် စက်တပ်ဆင်ကာ အသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ချောထွက်ရှိမှုအနေဖြင့် တစ်နှစ်လျှင် အထပ်သား (၉၆၀၀၀) ချပ်၊ Finger Joint (၂၆၄၀၀) ချပ်၊ ပရိဘောဂ (၁၀) စုံနှင့် လောင်စာ တောင့် (Wood Pellet) တစ်ရက်လျှင် (၁၂၀) တန်စသည်တို့ကို ထုတ်လုပ်မည် ဖြစ်ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့များသို့ ဖြန့်ဖြူး ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် အရည်အသွေးကောင်းမွန်သော လောင်စာဆီများ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားများကိုသာ အသုံးပြုရန် နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန်၊

(၂) ဖုန်မှုန့်ထွက်ရှိမှု လျော့နည်းစေရန်အတွက် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး စက်ကိရိယာများဖြစ်သည့် အမှုန်စုပ်စက်များ၊ ဆိုင်ကလုန်းကဲ့သို့သော ဖုန်စုပ်စက်များ လုံလောက်စွာ တပ်ဆင်ထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊

(၄) အမှုန်အမွှားထွက်ရှိမှုများသော နေရာများတွင် လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများအား အလှည့်ကျတာဝန်ချထားပေးရန်၊

(၅) စက်ရုံဝန်းအတွင်း အခိုးအငွေ့နှင့်အမှုန်အမွှားထွက်ရှိမှုအား နေ့စဉ် စောင့်ကြပ်ရန်၊

(၆) စက်ရုံဝန်းအတွင်း ရေဖျန်းခြင်း၊ စက်ကိရိယာများအား ပုံမှန်ပြင်ဆင်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ရေနုတ်မြောင်းစနစ်ဖြင့် စနစ်တကျစွန့်ပစ်ရန်နှင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ပစ္စည်းများအား စနစ်တကျ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ရေသွယ်ယူသည့် ပိုက်လိုင်းများ၊ ရေသိုလှောင်ကန်များ၊ ပိုက်ဆက်ထားသော နေရာများမှ ရေယိုစိမ့်မှု မဖြစ်ပေါ်စေရေးအတွက် ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဧရိယာအတွင်းရှိ ရေနုတ်မြောင်းများနှင့် မိလ္လာစနစ်ကို သန့်ရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်ထားရှိရန်၊

(၄) စက်ရုံရေနုတ်မြောင်းအတွင်းတွင် ပိတ်ဆို့မှုမရှိစေရန်နှင့် အနံ့ဆိုးများထွက်ရှိမှု မဖြစ်ပေါ်စေရန်အတွက် စနစ်တကျစီမံဆောင်ရွက်ရန်၊

(၅) စက်ရုံမှထွက်ရှိလာသော စွန့်ပစ်ရေများကို သန့်စင်ပြီးမှသာ ရေနုတ်မြောင်းအတွင်းသို့ စွန့်ပစ်ရန်၊

(၆) စက်ပစ္စည်းများမှ ထွက်ရှိလာသည့် စက်ဆီနှင့် ချောဆီများကြောင့် ရေညစ်ညမ်းမှု မဖြစ်ပေါ်စေရန်အတွက် စနစ်တကျထိန်းသိမ်းခြင်း၊ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) Boiler သုံးရေများအား အအေးခံစနစ်ထားရှိ၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂ ပါ သတ်မှတ်ချက်အတွင်း ရောက်ရှိမှသာ စွန့်ပစ်ရန်၊

(၈) ရေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ဓာတုပစ္စည်းများကို ရေအရင်းအမြစ်များအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် လုံခြုံစွာထုပ်ပိုးသိမ်းဆည်းခြင်းများ ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုများသော နေရာတွင် လုပ်ငန်းဆောင်ရွက်ရသော ဝန်ထမ်းများအား လိုအပ်သည့် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) ထောက်ပံ့ပေးရန်၊

(၂) ဆူညံသံထွက်ရှိမှုလျော့နည်းစေရန်အတွက် အသုံးမပြုသော စက်ယန္တရားများကို ပိတ်ထားရန်နှင့် လုပ်ငန်းလည်ပတ်ချိန်တွင် ဆူညံသံထွက်ရှိသော စက်ယန္တရားများအား တစ်ပြိုင်တည်းလည်ပတ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုဖြစ်ပေါ်စေသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသော ဝန်ထမ်း များအား အလှည့်ကျတာဝန် ထမ်းဆောင်စေခြင်းများ ဆောင်ရွက်ရန်၊

(၄) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် မော်တော်ယာဉ်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် မော်တာများနှင့် မီးအားမြှင့်စက်များတွင် အရည်အသွေးကောင်းမွန်သော ချောဆီများကို အသုံးပြုရန်၊

(၅) စီမံကိန်းပတ်ဝန်းကျင်တွင် ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် ယာဉ်များကို အမြန်နှုန်းကန့်သတ်၍ မောင်းနှင်ရန်။

(စ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မလိုအပ်ဘဲ သစ်ပင်ခုတ်ခြင်းမှ ရှောင်ရှားရန်နှင့် စက်ရုံမြေကွက်လပ်တွင် သစ်ပင်စိုက်ပျိုးခြင်း၊ Green Belt Area ဖန်တီးခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဧရိယာအတွင်း မလိုအပ်ဘဲ သစ်ပင်၊ သစ်တောများအား ခုတ်လှဲမှုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မတူညီသောအရင်းအမြစ်များမှ ထွက်ရှိလာသော သစ်ဖြတ်စနှင့် လွှစာမှုန့်အားလုံးကို အိတ်များဖြင့် စနစ်တကျ စုဆောင်းသိမ်းဆည်းရန်၊

(၂) ဗူးခွံများနှင့် ပလတ်စတစ်ကဲ့သို့သော စက်ရုံတွင် ပြန်လည်အသုံးပြု၍မရသော အမှိုက်များကို စက်ရုံပြင်ပရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုထားသည့် အမှိုက်ပုံ သို့မဟုတ် အမှိုက်ပစ်သည့်နေရာ၌ စနစ်တကျ စွန့်ပစ်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများကို အမှိုက်အမျိုးအစား သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းစွန့်ပစ်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ ကိုင်တွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းများပို့ချ၍ လေ့ကျင့်သင်ကြားပေးရန်၊

(၅) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျှော့ချနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(၉) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုများအတွက် ရှေးဦးသူနာပြု ဆေးသေတ္တာ (First Aid Kit) ထားရှိပြီး ဆေးအလုံအလောက်ပံ့ပိုး ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သောနေရာများ တွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် သင့်လျော်သော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPEs) များ ဝတ်ဆင်စေရန်၊

(၄) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များနှင့် အရေးပေါ် တုံ့ပြန်ရေး လုပ်ငန်းစဉ်များကို ကြီးကြပ်ရန်အတွက် လေ့ကျင့်သင်ကြားထားသူများကိုသာ တာဝန်ပေးထားရန်။

(၁၀) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၂) မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအားအသုံးပြု၍ စနစ်တကျကာကွယ်တားဆီးမီးငြိမ်းသတ်နိုင်ရန်၊ ဝန်ထမ်းများ မီးဘေးမှ ကင်းလွတ်ရာသို့ ကယ်ဆယ်နိုင်ရန်၊ မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် မီးဘေးစီမံချက်ကို ရေးဆွဲထားရှိရန်၊

(၃) စီမံကိန်းအတွင်း အလွယ်တကူမီးလောင်ကျွမ်းမှုဖြစ်ပေါ်စေနိုင်သော လောင်စာနှင့် စွန့်ပစ်အမှိုက်များ ရှင်းလင်းစေရေးအတွက် ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၄) မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်စေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်၊

(၆) အရေးပေါ်အခြေအနေဖြစ်ပွားပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား မြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၇) လျှပ်စစ်သုံးစွဲခြင်းမှ မီးလောင်ကျွမ်းမှုမဖြစ်ပေါ်စေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၈) လောင်စာဆီများ ထုတ်ယူသုံးစွဲခြင်းနှင့် ထားရှိသိုလှောင်ခြင်းတို့ ဆောင်ရွက်ရာနေရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်အတွင်း လိုအပ်သောသင်တန်းများ၊ ရှေးဦးသူနာပြုစုနည်းသင်တန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သင်တန်းများအား သင်ကြားပို့ချပေးထားရန်၊

(၁၀) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား လုပ်ငန်းဧရိယာအတွင်း (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(၃) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၂၈,၁၀၀.၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေအား (၉,၇၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၃) ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် လုပ်ငန်းစုစုပေါင်း အမြတ်ငွေ၏ (၂) % အား လျာထားသုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များနှင့် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) Hotspot လျော့နည်းစေရးနှင့် Green House Gas ထွက်ရှိမှု လျော့နည်းစေရေး အတွက် မီးရှို့ခြင်းအား တတ်နိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ရန်နှင့် သဘာဝမြေသြဇာပြုလုပ် အသုံးချခြင်း ဆောင်ရွက်ရမည်၊

(၃) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မီလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၅) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၇) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၉) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၁၀) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ် ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်း အစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ

သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုတ်လွှတ်အခိုးအငွေ့နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ အခန်း(၂.၃.၁) သစ်စက်နှင့် သစ်အချောထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဝန်းကျင်လေအရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၏ အထွေထွေ လမ်းညွှန်ချက်များပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံ၊ အနံ့တို့နှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်များပါ သတ်မှတ်ချက်နှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၃.၃.၁ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၆) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ (၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **မြေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** မြေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများအား သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ထားရှိရမည်၊

(၂) ဓာတုပစ္စည်းနှင့် လောင်စာဆီများ ယိုဖိတ်မှုမရှိစေရေး စနစ်တကျ သိုလှောင် ထားရှိရမည်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေများအား စက်ရုံရှိ Effluent Treatment System နှင့် Wastewater Treatment Plant တို့မှ ကောင်းမွန်စွာ သန့်စင်နိုင်ခြင်း ရှိ/မရှိ အမြဲစောင့်ကြပ်ကြည့်ရှုစစ်ဆေးရမည်၊

(၂) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်း များအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရမည်၊

(၃) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရမည်။

(င) **လေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခိုးအငွေ့ ထွက်ရှိမှုအား ထိန်းချုပ်သည့် ကိရိယာများဖြစ်သော Multi-cyclones၊ Fabric Filter-bag Houses၊ Wet Scrubber တို့၏ လုပ်ဆောင်ချက်များ ကောင်းမွန်လုံလောက်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ရမည်၊

(၂) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်း ပစ္စည်း (သို့မဟုတ်) စက်ပစ္စည်း (သို့မဟုတ်) စက်ယန္တရား တစ်ခုခု ပြောင်းလဲသုံးစွဲသည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် မတူကွဲပြားသော နည်းပညာများ၊ အသုံးပြုမည့်

ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်နှင့် ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့် နည်းလမ်းများ (ဥပမာ - သစ်ပင်စိုက်ခြင်းလုပ်ငန်းများ) အား စီမံကိန်းမှ ဆောင်ရွက်မည့် လူမှုအကျိုးပြု အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ် အနေဖြင့် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(စ) **ကုန်ကြမ်းပစ္စည်းရယူခြင်းဆိုင်ရာစည်းကမ်းချက်များ။** ကုန်ကြမ်းရယူခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သစ်များကို မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာန ရောင်းဝယ်ခွင့် ခွင့်ပြုမိန့်ရရှိသော နေရာများမှ ဝယ်ယူခြင်းများ ဆောင်ရွက်ရန်၊

(၂) ကော်နှင့် ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ သိုလှောင်ခွင့် နှင့် အသုံးပြုခြင်းဆိုင်ရာ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် သစ်ပင်များ ခုတ်လှဲခြင်း၊ ရှင်းလင်းခြင်းအတွက် ကာမိစေရန် ဒေသနှင့်ကိုက်ညီသော အကြီးမြန် သစ်ပင်များအား ရှင်သန်ကြီးထွားအောင် စိုက်ပျိုးရမည်။

(ဇ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(ဈ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ည) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကိုဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနကအမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူကယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက် အတွင်းလည်းကောင်းဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

ပြည်ထောင်စု ဝန်ကြီးများ

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

**(ဠ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု

ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(၄) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(၃) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၆) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ အဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်

သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင် ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထား အသုံးစရိတ်များ နှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---